## ၈. ဌာန - သိပ္ပံဘာသာရပ်ဌာန

သင်တန်းအမည် - Bachelor of Science Program in Biomedical Science

ပေးအပ်မည့်ဘွဲ့ - Bachelor of Science (Biomedical Science)

သင်တန်းကြာချိန် - ၄ နှစ်

ဘွဲ့ရရှိပြီးနောက်ရရှိမည့်အလုပ်အကိုင်အခွင့်အလမ်းများ

1. ဇီဝဆေးပညာနှင့် ရောဂါရှာဖွေရေး ဆေးခန်းများတွင် သိပ္ပံပညာရှင်/သုတေသနပညာရှင်အဖြစ် လုပ်ကိုင်နိုင်ခြင်း။
2. ဆေးဘက်ဆိုင်ရာစက်ပစ္စည်း ကျွမ်းကျင်ပညာရှင်၊ ဇီဝနည်းပညာနှင့်ဆေးဝါးကုမ္ပဏီများတွင် ပါရဂူအဖြစ် လုပ်ကိုင်နိုင်ခြင်း။
3. ကျန်းမာရေးအကြံပေးအရာရှိအဖြစ် လုပ်ကိုင်နိုင်ခြင်း။

### သင်ယူရရှိမှုရလဒ်များ (PLOs)

PLO1 - လူတစ်ဦးချင်းစီ၏ ကျန်းမာရေးကိုတိုးတက်ကောင်းမွန်လာစေရန်နှင့် ကာကွယ်မှုပြုရန် ဆေးဘက်ဆိုင်ရာ ပြဿနာများအတွက် ရရှိသော အသိပညာနှင့် အချက်အလက်များကို ပေါင်းစပ်စုစည်းတတ်ရန်။

PLO2 - နိုင်ငံတကာအဆင့်မီ နည်းစနစ်များနှင့်အညီ ရောဂါများ ကာကွယ်ခြင်း၊ ရောဂါရှာဖွေခြင်းနှင့် ကုသခြင်းဆိုင်ရာ အချက်အလက်များကို ပံ့ပိုးပေးနိုင်ရန် ဓာတ်ခွဲခန်းအခြေပြု စမ်းသပ်မှုများ ပြုလုပ်နိုင်ရန်။

PLO3 - ဆေးပညာဆိုင်ရာပြဿနာများကိုဖြေရှင်းနိုင်ရန် ဓါတ်ခွဲခန်းလုံခြုံရေးစွမ်းရည်နှင့် ပရောဖက်ရှင်နယ်ကျင့်ဝတ်များအရ သိပ္ပံဂျာနယ်များနှင့် ဓာတ်ခွဲခန်းအစီရင်ခံစာများမှ ခွဲခြမ်းစိပ်ဖြာထားသော ဇီဝဆေးသိပ္ပံဆိုင်ရာ သီးခြားပရောဂျက်တစ်ခု ဖန်တီးတတ်ရန်။

PLO4 - ဇီဝဆေးသိပ္ပံပညာ၏သဘောတရားအယူအဆများကို မိမိပစ်မှတ်ထားသောသူများနှင့် အင်္ဂလိပ် ဘာသာ စကားဖြင့် စာပေနှင့်သာမက ပြောဆိုခြင်းဖြင့်ပါ ဆက်သွယ်တတ်ရန်။

PLO5 - ဇီဝသိပ္ပံဆိုင်ရာသုတေသနပညာရှင်တစ်ယောက်၏ ကျင့်ဝတ်နှင့်ဝတ္တရားများကိုအခြေခံ၍ ရည်ရွယ်ချက်များ ပေါက်မြောက်သည်အထိ တစ်ဦးတည်းသာမက အများနှင့်ပါတွဲဖက်လုပ်ကိုင်တတ်ရန်။